# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

December 19, 2019 Volume 26, Number 14


**၁၉.၁၂.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၄၇၆ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၁၈၃၀၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၅၀၅/- ကျပ် |
| CBM Rate | = ၁၅၀၃.၉ /ကျပ် |
| ယူရို တစ်ယူရို | = ၁၆၇၃.၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၀၉.၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၇၁.၁ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၇၂.၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၃၄.၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၄.၅၉ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၁၅၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၉.၀၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၃.၁၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၉.၈၀၆ ကျပ် |

ရင်းမြစ်Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com


## ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုချက်ဖြင့် ပုသိမ်မြို့တွင် တန်ဖိုးသင့် အဆင့်မြင့်အိမ်ရာ စီမံကိန်းများပါဝင်သည့် ပလက်တီနမ် ပုသိမ်စီမံကိန်း စတင်လုပ်ဆောင်




ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ခွင့်ပြုချက်ဖြင့် ပုသိမ်မြို့တွင် တန်ဖိုးသင့် အဆင့်မြင့်အိမ်ရာစီမံကိန်းများပါဝင်သည့် ပလက်တီနမ်ပုသိမ်စီမံကိန်းအား စတင်လုပ်ဆောင်လျက်ရှိကြောင်းကို ဒီဇင်ဘာ ၁၈ ရက် နံနက်ပိုင်းက သိမ်ဖြူလမ်း အလယ်ဘလောက်ရှိ The Secretariat Office ၌ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှ သိရသည်။ ပုသိမ်မြို့နယ်ရှိ မြေဧက အကျယ် (၁၅ ဒသမ ၂၈) ဧကပေါ်တွင် အဆိုပါစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ပြီး တည်ဆောက်ရာတွင်လည်း အပိုင်းနှစ်ပိုင်းဖြင့် ဆောင်ရွက်ပြီး ယခုအချိန်တွင် လုံးချင်းလူနေအိမ်များနှင့် ပလာဇာတို့ကို တည်ဆောက်ပြီးစီးနေပြီဟုသိရသည်။

အပိုင်းနှစ်အနေဖြင့်လည်း အဆင့်မြင့်ဟိုတယ်များ၊ စားသောက်ဆိုင်များနှင့် အပန်းဖြေပန်းခြံတို့အပြင် သုံးခန်းတွဲ၊ သုံးထပ်တိုက် လေးခန်းတွဲ၊ လေးထပ်တိုက်၊ တန်ဖိုးသင့်အဆင့်မြင့်အိမ်ရာစီမံကိန်းများကိုလည်း ၂၀၂၀ မတ်လတွင် ဆက်လက်လုပ်ဆောင်သွားမည်ဟု ပလက်တီနမ်စီမံကိန်းမှ တာဝန်ရှိသူများကပြောကြားသည်။ “ရန်ကုန်တို့ တခြားမြို့နယ်တွေမှာဆိုရင် အိမ်ရာဆောက်လုပ်တဲ့မြေတွေပေါ်မှာ မူတည်ပြီးတော့ ပုံမှန်ပုဂ္ဂလိကပိုင်တဲ့မြေဆိုရင် ဘိုးဘွားပိုင်မြေရှိမယ်၊ နှစ် ၆၀ ဂရမ်မြေတွေရှိမယ်။ ဒါပေမဲ့ ရန်ကုန်အပြင် ရောက်သွားပြီဆိုရင် သူတို့တွေရဲ့မြေယာပိုင်ဆိုင်မှုပုံစံက လယ်ယာမြေကနေမှတစ်ဆင့် တခြားလုပ်ပိုင်ခွင့်ရှိတဲ့ မြေပုံစံမျိုးကျွန်မတို့က လျှောက်ရတယ်။ အဲ့ဒီအချိန်မှာ ကျွန်မတို့က အားလုံးသိတဲ့ ပုံစံအတိုင်း ၁၀၅၊ ၁၀၆ ပုံစံအတိုင်း အဆင့်ဆင့်ပါမစ်တွေတင်တယ်။ ဒီမြေကပရောဂျက်နဲ့ အုံနာရဲ့ တစ်ဦးတည်းပိုင်အနေနဲ့ ရပ်တည်နေတာလည်းဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်မတို့က Owner

Book တွေလည်း ထုတ်ပေးထားပါတယ်။ အခုလက်ရှိလည်း ဝယ်ယူနေထိုင်တဲ့သူတွေရှိပါတယ်။ အစိုးရကနေပြီး မြေကို ဂရန်လည်းမဖောက်ပေးဘူး။ ဘိုးဘွားလည်း မဖောက်ပေးဘူး။ ဒါပေမဲ့ သူရဲ့ Owner Book ထဲမှာတော့ အနှစ် ၃၀ အထိ စီးပွားလုပ်ပိုင်ခွင့်နေထိုင်ခွင့်ရှိပါတယ်" ဟု Fortumax မှ ဈေးကွက်ဖွံ့ဖြိုးရေးဒါရိုက်တာ ဒေါ်ဝင်းလဲ့လဲ့ကြည်က ပြောကြားသည်။ အဆိုပါ ပလက်တီနမ်ပုသိမစီမံကိန်းတွင်ပါဝင်သည့် လူနေအိမ်ရာများအား အမည်ပေါက် ကိုယ်ပိုင်ဂရန်အနေနှင့် နှစ် ၃၀ ရရှိမည်ဖြစ်ပြီး နှစ် ၃၀ ထပ်မံသက်တမ်းတိုး လုပ်ဆောင်သွားနိုင်မည်လည်းဖြစ်ကြောင်းသိရသည်။

**Source:** https://news-eleven.com/article/150174

## မြန်မာ့သစ်သီးဝလံများ ဈေးကွက်ခိုင်မာရေးနှင့် ရေရှည်တင်ပို့နိုင်ရေး



မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံထားသည့် နိုင်ငံဖြစ်သလို မြန်မာ့လယ်ယာထွက်ကုန်များကိုလည်း ပြည်ပနိုင်ငံများသို့ တင်ပို့လျက်ရှိနေသည်။ မြန်မာ့လယ်ယာထွက်ကုန်များကို ကြည့်မည်ဆိုလျှင် မြန်မာနိုင်ငံသည် စပါးကို အဓိကစားသုံးသီးနှံအဖြစ်စိုက်ပျိုးပြီး ပြောင်း၊ ဆီထွက်သီးနှံအဖြစ် မြေပဲနှင့် နှမ်း၊ ပဲမျိုးစုံဖြစ်သည့် မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ပဲလွမ်းနှင့် ဗိုလ်ကိတ်ပဲ၊ သစ်သီးဝလံများအဖြစ် သရက်သီး၊ ဖရဲသီး၊ သခွားမွှေး၊ ကုလားဆီးသီး၊ လိုက်ချီးသီး၊ မင်းကွတ်သီး၊ ကြက်မောက်သီး၊ ထောပတ်သီးနှင့် ကျွဲကောသီး၊ ဟင်းခတ်အမွှေးအကြိုင်များအဖြစ် ချင်း၊ နနွင်း၊ ငရုတ်ကောင်း၊ မန်ကျည်းသီးတို့အပြင် တခြား ဟင်းသီးဟင်းရွက်မျိုးစုံကိုလည်း စိုက်ပျိုးထုတ်လုပ် တင်ပို့လျက်ရှိနေသည်။ မြန်မာနိုင်ငံအနေဖြင့် အဆိုပါလယ်ယာထွက်ကုန်သီးနှံများကို ပြည်တွင်း၌ စားသုံးရန်အတွက်သာမကဘဲ ပြည်ပနိုင်ငံများသို့တင်ပို့ပြီး နိုင်ငံခြားဝင်ငွေ ရှာဖွေပေးနေ သည်။ မြန်မာ့လယ်ယာထွက်ကုန်များကို တရုတ်နိုင်ငံ အပါအဝင် စင်ကာပူ၊ မလေးရှား၊ ဖိလစ်ပိုင်၊ ဘင်္ဂလားဒေ့ရှ်၊ အင်ဒိုနီးရှား၊ အိန္ဒိယ၊ သီရိလင်္ကာစသည့် နိုင်ငံများသို့တင်ပို့လျက်ရှိသည်။ ထို့ပြင် မြန်မာနိုင်ငံအနေဖြင့် လယ်ယာထွက်ကုန်ပစ္စည်းများကို အာဖရိကနိုင်ငံများနှင့် ဥရောပနိုင်ငံများသို့လည်း တရားဝင်တင်ပို့လျက်ရှိသည်။ တရုတ်နိုင်ငံ ကုန်ပစ္စည်းအရည်အသွေး ကြီးကြပ်ရေး၊ စစ်ဆေးရေးနှင့် ပိုးမွှားကင်းစင်မှု အုပ်ချုပ်မှုအာဏာပိုင်အဖွဲ့က မြန်မာနိုင်ငံအနေဖြင့် မင်းကွတ်သီး၊ တောကြက်မောက်သီး၊ ကြက်မောက်သီးနှင့် လိုက်ချီးသီးတို့ကို ပင်လယ်ရေကြောင်းအပြင် နယ်စပ်မှလည်းကောင်း နှစ်မျိုးစလုံးဖြင့် တင်ပို့နိုင်ပြီး သရက်သီး၊ ဖရဲသီး၊ သခွားမွှေးနှင့်ကုလား ဆီးသီးတို့ကို နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများဖြစ်သည့် မူဆယ်-ရွှေလီလမ်းကြောင်းနှင့် မိုင်းလား-တာလော့လမ်းကြောင်းတို့မှ တရားဝင်တင်ပို့နိုင်ကြောင်းကို ၂၀၁၇ ခုနှစ် အောက်တိုဘာလက ထုတ်ပြန်ထားပြီးဖြစ်သည်ဟုသိရသည်။ လက်ရှိအချိန်တွင် မြန်မာ့လယ်ယာထွက်ကုန်များထဲမှ ထွက်ကုန်တချို့ဖြစ်သည့် သစ်သီးရှစ်မျိုးကို တရုတ်နိုင်ငံသို့ နယ်စပ်လမ်းကြောင်းအသစ်များထပ်မံတိုးချဲ့ပြီး တရားဝင်တင်ပို့ခွင့်ရရှိပြီဖြစ်ကြောင်း မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့်ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း (MFVP) အတွင်းရေးမှူး ဦးကျော်သူက နိုဝင်ဘာ ၃၀ ရက်တွင် ပြောဆိုထားသည်။ တရုတ်နိုင်ငံသို့ တရားဝင်တင်ပို့ခွင့်ရရှိထားသည့် အဆိုပါသစ်သီးရှစ်မျိုးမှာ သရက်သီး၊ ဖရဲသီး၊ သခွားမွှေး၊ ကုလားဆီးသီး၊ လိုက်ချီးသီး၊ မင်းကွတ်သီး၊ ကြက်မောက်သီးနှင့် တောကြက်မောက်သီးစသည်တို့ဖြစ်ကြောင်းသိရသည်။

အဆိုပါသီးနှံများကို ယခင်က ကချင်ပြည်နယ်ဘက် ကန်ပိုက်တီနှင့်လွယ်ဂျယ်ပေါက်များမှတင်ပို့၍မရခြင်းကြောင့် မူဆယ်ဘက်သို့ ပြန်လာပြီးတင်ပို့ခဲ့ရသည်။ သို့သော် လက်ရှိအချိန်တွင် ယင်းပြဿနာမှာ အတော်အသင့် ပြေလည်သွားကာ နယ်စပ်ဂိတ်ပေါက်တိုင်းနီးပါးမှ တင်ပို့၍ရနေပြီဖြစ်ခြင်းကြောင့် ကုန်ကျစရိတ်များမှာ သက်သာသွားမည်လည်းဖြစ်သည်။ မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ တရားဝင်တင်ပို့ခွင့်ရရှိထားသည့် သစ်သီးရှစ်မျိုးအနက် သရက်သီး၊ ဖရဲသီး၊ သခွားမွှေးနှင့် ကုလား ဆီးသီးစသည့် သစ်သီးလေးမျိုးအား မူဆယ်-ရွှေလီ၊မိုင်းလား- တာလော့ ဂိတ်နှစ်ခုမှသာ တင်သွင်းရန် ကန့်သတ်ခဲ့ရာမှ တရုတ် နိုင်ငံအကောက်ခွန် အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (General Administration of Customs of China-GACC) အနေဖြင့် ယင်းကန့်သတ်ချက်ကို ၂၀၁၉ ခုနှစ် အောက်တိုဘာ ၁၆ ရက်မှ စတင်၍ ဖယ်ရှားပေးပြီးဖြစ်ကြောင်းသိရသည်။ မြန်မာနိုင်ငံအနေဖြင့် အထက်ပါသီးနှံရှစ်မျိုးကို တရုတ်နိုင်ငံသို့ တရားဝင်တင်ပို့ခွင့်ရရှိထားပြီးဖြစ်ရာ ကျန်မြန်မာ့လယ်ယာထွက်ကုန်များဖြစ်သည့် ငှက်ပျောသီး၊ ပီလောပီနံ၊ ထောပတ်သီးနှင့် ကျွဲကောသီးတို့ကိုလည်း တရုတ်နိုင်ငံသို့ တရားဝင်တင်ပို့ခွင့်ရရှိရန်

အတွက် အဆိုပါ GACC ဌာနသို့ တင်ပြထားပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း (MFVP) အတွင်းရေးမှူး ဦးကျော်သူက ပြောဆိုထားသည်။ ဝန်ကြီးဌာနအဖွဲ့အစည်းများအားလုံး GACC ကို ဝိုင်းပြီးတောင်းဆိုထားကြောင်း၊ တောင်းဆိုရာမှာ သီးနှံအမယ်ဟောင်းများကို ဂိတ်ပေါက်အားလုံးက တင်သွင်းခွင့်ပြုရန်နှင့် သီးနှံအမယ်သစ်များ ထပ်မံခွင့်ပြုပေးရန် တောင်းဆိုထားကြကြောင်း၊ ငှက်ပျောသီး၊ ပီလောပီနံ၊ ထောပတ်သီးနှင့် ကျွဲကောသီးတို့ကို ထပ်တင်ထားကြောင်း၊ ငှက်ပျောကိုမူ လာရောက်စစ်ဆေးပြီး သွားပြီဖြစ်ကြောင်းနှင့် မကြာမီ အချိန်ကာလအတွင်း၌ပင် တရားဝင်ခွင့်ပြုပေးနိုင်မည်ကို မျှော်လင့်ပါကြောင်း ဦးကျော်သူက ဆက်လက်ပြောဆိုထားသည်။ မြန်မာ့လယ်ယာထွက်ကုန်များကို တရုတ်၊ စင်ကာပူ၊ မလေး ရှား၊ ဖိလစ်ပိုင်၊ ဘင်္ဂလားဒေ့ရှ်၊ အင်ဒိုနီးရှား၊ အိန္ဒိယ၊ သီရိလင်္ကာစသည့်နိုင်ငံများသို့ အဓိကတင်ပို့လျက်ရှိနေသော်လည်း ဈေးကွက်တည်ငြိမ်မှုမရှိသလို ဝယ်ယူသည့်ပမာဏကလည်း အမြဲတစေ အပြောင်းအလဲများရှိနေသည်။ သေချာရေရာမှုမရှိသည့် ဈေးကွက်များကို သေချာရေရာစေရေးနှင့် ဈေးကွက်ခိုင်မာမှုရရှိရေးတို့ကို အားလုံးဝိုင်းဝန်းကာ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ဆန်စပါးအပါအဝင် မြန်မာ့လယ်ယာထွက်ကုန်များကို ပြည်ပနိုင်ငံများက ဝယ်လိုက်၊ မဝယ်လိုက်ဖြစ်နေသလို အရေအတွက်ကလည်း အလျှော့အတင်းရှိနေခြင်းကြောင့် နိုင်ငံခြားပို့ကုန်လုပ်ငန်းစဉ်များကို ထိခိုက်လျက်ရှိနေသည်။ မြန်မာ့လယ်ယာထွက်ကုန် သီးနှံများတွင် ဖရဲသီးကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်က တန်ချိန် ရှစ်သိန်းကျော် တင်ပို့နိုင်ခဲ့ကြောင်းနှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် တန်ချိန် တစ်သိန်းကျော်အထိ တင်ပို့ နိုင်ရန် မျှော်မှန်းထားကြောင်းသိရသည်။ သခွားမွေးကိုမူ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်က တန်ချိန် တစ်သိန်းခွဲကျော် တင်ပို့နိုင်ခဲ့ကြောင်း နှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် တန်ချိန် သုံးသိန်းခန့်အထိ တင်ပို့ နိုင်ရန် မျှော်မှန်းထားကြောင်းသိရသည်။ အလားတူ ထောပတ်သီးကိုမူ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်က တန်ချိန် တစ်သောင်းခွဲခန့် တင်ပို့နိုင်ခဲ့ကြောင်းနှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် တန်ချိန် ငါးသောင်းခန့်အထိ တင်ပို့နိုင်ရန် မျှော်မှန်း ထားကြောင်းသိရပါသည်။ ယင်းအပြင် နှစ်စဉ်နှစ်တိုင်း ပြည်ပသို့ တင်ပို့လျက်ရှိနေသည့် စိန်တလုံးသရက်ကိုမူ ၂၀၁၇-၂၀၁၈ ဘဏ္ဍာ နှစ်က တန်ချိန် ငါးသောင်းကျော်တင်ပို့နိုင်ခဲ့ကြောင်းနှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် တန်ချိန် တစ်သိန်းကျော်အထိ တင်ပို့နိုင်ရန် မျှော်မှန်းထားကြောင်းသိရသည်။

လက်ရှိအချိန်တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့၏ အကူအညီဖြင့် မြန်မာနိုင်ငံမှ ထွက်ရှိသော သီးနှံများကို တရုတ်နိုင်ငံသို့ လေကြောင်းမှ တစ်ဆင့် တင်ပို့နိုင်ရန် စီစဉ်လျက်ရှိကြောင်းလည်း သိရသည်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ပြည်ပနိုင်ငံများသို့ တင်ပို့ခွင့်ရရှိနေသည့် မြန်မာ့လယ်ယာထွက်ကုန်သီးနှံများကို ဈေးကွက်ခိုင်မာရေးနှင့် ပိုမိုတိုးတက်တင်ပို့နိုင်ရေး ကြိုးပမ်းနေသလို မြန်မာ့လယ်ယာထွက်ကုန် အမယ်သစ်များကိုလည်း ထပ်မံတိုးချဲ့တင်ပို့ခွင့်ရရှိရေးအတွက် အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်ရှိနေသည်။ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် နိုင်ငံတကာရှိ မြန်မာသံရုံးများတွင် စီးပွားရေးသံမှူးများထားရှိပြီး စီမံကိန်းများချမှတ်ဆောင်ရွက်လျက်ရှိနေသည်။ ယင်းသို့ဆောင်ရွက်မှုမှာ နိုင်ငံစီးပွားရေးအတွက် မည်မျှအထိ အကျိုးသက်ရောက်မှုရှိ၊ မရှိကိုမူ မျက်ခြည်မပြတ် စောင့်ကြည့်ကာသုံးသပ်နေရန်လည်း လိုအပ်မည်ဖြစ်ပါသည်။ မည်သို့ပင်ဆိုစေ လက်ရှိအချိန်တွင် တရုတ်နိုင်ငံသို့ မြန်မာ့လယ်ယာထွက်ကုန်များထဲမှ သီးနှံရှစ်မျိုးကို တရားဝင်တင်ပို့ခွင့်ရရှိခဲ့ခြင်းမှာ ဝမ်းသာစရာဖြစ်ပါသည်။ အဆိုပါရရှိထားသည့်ဈေးကွက်၊ ရရှိထားသည့် အခွင့်အရေးများ ရေရှည်တည်တံ့ရေးအတွက်ကိုမူ မိမိတို့ဘက်က အရည် အသွေးပြည့်မီသည့် ထုတ်ကုန်များကိုသာ တင်ပို့ရန်အရေးကြီးပါသည်။ ထို့ပြင် တရားဝင်လွတ်လပ်စွာ တင်ပို့ခွင့်ရရှိနေချိန်တွင် သီးနှံများကိုလည်း ပိုမိုတိုးတက်ထုတ်လုပ်ရမည်ဖြစ်ပါသည်။ ထို့ကြောင့် မြန်မာ့သစ်သီးဝလံများ တရုတ်နိုင်ငံတွင် ဈေးကွက်ခိုင်မာစွာရရှိရေးနှင့် ရေရှည်တင်ပို့နိုင်ရေးအတွက် ဆက်လက်ကြိုးပမ်းကြရမည်ဖြစ်သလို ကမ္ဘာတစ်လွှားသို့ မြန်မာ့လယ်ယာထွက်ကုန်များ ကျယ်ကျယ်ပြန့်ပြန့်နှင့် ယခုထက်ပိုမိုတင်ပို့နိုင်ရေး အတွက်ကိုလည်း အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။

**Source:** https://www.facebook.com/SFJWeekly/posts/2874420875978519?__tn__=K-R

## ဒေါ်လာတန်ဖိုးအနည်းငယ်ပြန်ကျ

ဒီဇင်ဘာအတွင်း ပြည်တွင်းငွေကြေးဈေးကွက်တွင် ဒေါ်လာတန်ဖိုး ပြန်ကျပြီးကျပ်ငွေ တန်ဖိုးမြင့်တက်နေသည်ဟု စီးပွားရေးလုပ်ငန်းရှင်အချို့က ပြောသည်။ ဒီဇင်ဘာ ၁၈ ရက်တွင် တစ်ဒေါ်လာ ၁,၅၀၅ ကျပ်ဈေးဖွင့်ပြီး ဒီဇင်ဘာဒုတိယပတ်နှင့် နှိုင်းယှဉ်ပါက တစ်ဒေါ်လာ ၁၀ ကျပ်ဝန်းကျင်ပြန်ကျခဲ့သည်။ ဒေါ်လာတန်ဖိုးသည် ဒီဇင်ဘာလဆန်းက တစ်ဒေါ်လာ ၁,၄၉၈ ကျပ်အထိ ကျဆင်းခဲ့သည်။ ပြည်တွင်း၌ ဒေါ်လာတန်ဖိုး ကျသကဲ့သို့ မြန်မာ၊ တရုတ်နယ် စပ်တွင် ယွမ်ငွေတန်ဖိုးအနည်းငယ်ကျဆင်းသည်။ မြန်မာ - တရုတ်နှစ်နိုင်ငံနယ်စပ်ကုန်သွယ် ရေးတွင် အဓိကသုံးစွဲနေသော ယွမ်ငွေတန်ဖိုးက တစ်ယွမ်လျှင်

၂၁၂ ကျပ်ဝန်းကျင်ဈေးရှိသည်။ ဒီဇင်ဘာလဆန်းက တစ်ယွမ်၏ တန်ဖိုး ၂,၀၁၅ ကျပ်ဈေးရှိသည်။

နိုင်ငံတကာဈေးကွက်တွင် ဒေါ်လာတန်ဖိုး အနည်းငယ်တည် ငြိမ်နေပြီး ကမ္ဘာ့ရွှေဈေးလည်း တစ်အောင်စလျှင် ၁,၄၇၈ ဒေါ်လာဈေးဖွင့်သည်။ ဒေါ်လာတန်ဖိုး ကျဆင်းသော်လည်း ပြည်တွင်းရွှေဈေးက အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ်တစ်ဆယ့်တစ်သိန်းသုံးသောင်းငါးထောင်ဈေး ဖွင့်သည်။ ပြီးခဲ့သည့် နှစ်ရက်နှင့် နှိုင်းယှဉ်ပါ ကအဆိုပါ ဈေးနှုန်းသည်အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ်နှစ်ထောင်ခန့်ဈေးတက်သည်။

Source: https://7day.news/–173822

## ယခုကြံရာသီတွင် ကြံဝယ်ယူရန် စက်ရုံအများစုနောက်ကျနိုင်



ယခု ကြံရာသီ (ဒီဇင်ဘာမှ ဧပြီလ) အတွင်း ကြံဝယ်ယူရန် စက်ရုံအများစု နောက်ကျနိုင်ကြောင်း မြန်မာနိုင်ငံသကြားနှင့် ကြံထွက်ပစ္စည်း လုပ်ငန်းရှင်များအသင်းမှသိရသည်။ "ပြည်တွင်းမှာ သကြားစက်ရုံ ပေါင်း ၂၃ ရုံ ရှိပါတယ်။ လက်ရှိဒီထဲမှာ ဂရိတ်ဝေါနဲ့နဝဒေးသကြားစက်ရုံ နှစ်ခုပဲစတင် ဝယ်နိုင်သေးတယ်။ ဒီစက်ရုံ နှစ်ခုပဲ ဈေးဖွင့်ဝယ်ယူနေတယ်။ နဝဒေးစက်ရုံက ကြံတစ်တန်ကို စက်ရုံအရောက် ဈေး ကျပ် ၄၅၀၀၀ ပေးပြီးတော့၊ ဂရိတ် ဝေါကလည်း စက်ရုံအရောက်ဈေး တစ်တန်ကို ကျပ် ၄၁၅၀၀ ပေးဝယ်တယ်။ စက်တွေက အဆင်သင့်ဖြစ်ပေမယ့် စက်ရုံအလိုက် ကျန်ရှိနေတဲ့ သကြားလက်ကျန်အဟောင်းတွေကြောင့် ဈေးမဖွင့်နိုင်ကြသေးတာပါ" ဟု ယင်းအသင်း ဒုတိယဥက္ကဋ္ဌ ဦးဝင်းဌေးက ဒီဇင်ဘာ ၄ ရက်တွင်ပြောသည်။ လက်ရှိတွင် တရုတ်နိုင်ငံမှ မြန်မာ့ သကြား ဝယ်ယူမှုကို ရပ်နားထားသည့် တစ်နှစ်အတွင်း စက်ရုံပိုင်ရှင်များနှင့် ကုန်သည်များလက်ဝယ်၌ တန်ချိန်များစွာ ရှိနေခြင်းကြောင့် သကြားတစ်ပိဿာလျှင် ကျပ် ၉၀၀ အောက် ကျဆင်းလျက်ရှိသည့်အတွက် အဆိုပါ သကြားများ ပြည်ပသို့တင်ပို့ရောင်းချ နိုင်မှသာ ကြံဈေးနှုန်းများ ပြန်လည်ကောင်းမွန်တော့မည် ဖြစ်ကြောင်း သိရ သည်။"စက်ရုံအများစုက ဒီဇင်ဘာဒုတိယပတ်နဲ့ တတိယပတ်လောက်ကျမှ ဝယ်ယူဖို့ ပြင်ဆင်နေကြတယ်။ ဒီအကျိုးဆက်က တောင်သူတွေကို နစ်နာလာစေမယ်။ ဒေသအလိုက် ဝယ်ယူမယ့်ရက်တွေ နောက်ကျလေလေ ကြံသိမ်းချိန် နောက်ကျလာပြီးတော့ ကြံရဲ့အလေးချိန်ကို လျော့နည်းလာစေမှာဖြစ်တယ်။ နောက်တစ်ပိုင်းကလာမယ့် ကြံစိုက်ရာသီကို နောက်ကျနိုင်ပြီးတော့ နောက်ဆက်တွဲ ကြံအထွက်နည်းတာတွေဖြစ်လာနိုင်တယ်။ ဒီနှစ်ကြံဈေး ကျဆင်းမှုဟာ လာမယ့်နှစ် ကြံစိုက်ပျိုး ဧကတွေများစွာ လျော့နည်းလာစေမယ်" ဟု ဦးဝင်းဌေးက သုံးသပ်ပြောကြား သည်။၂၀၁၄-၁၅ ဘဏ္ဍာနှစ်တွင် ကြံစိုက် ဧကပေါင်း ၄၄၀၀၀၀ ကျော်၊ သကြား တန်ချိန် ၄၅၀၀၀၀ ခန့်၊ ၂၀၁၅-၁၆ ဘဏ္ဍာနှစ်တွင် စိုက်ဧကပေါင်း ၃၉၀၀၀၀ ကျော်၊ သကြားတန်ချိန် ၃၉၀၀၀၀ ကျော်၊ ၂၀၁၆-၁၇ ဘဏ္ဍာနှစ်တွင် စိုက်ဧက ၄၀၀၀၀၀ ကျော်၊ သကြားတန်ချိန် ၃၇၀၀၀၀ ကျော်၊ ၂၀၁၇-၁၈ ခုနှစ်က ကြံစိုက်ဧက ၄၀၀၀၀၀ ကျော်၊ သကြား တန်ချိန် ၅၀၀၀၀၀ ကျော်၊ ၂၀၁၈-၁၉ ဘဏ္ဍာနှစ်တွင် ကြံစိုက်ဧက ၅၀၀၀၀၀ နီးပါး၊ သကြားတန်ချိန် ငါးသိန်းခန့် အသီးသီးထွက်ရှိခဲ့ကြောင်းသိရသည်။ ၂၀၁၅-၁၆ ခုနှစ်ကြံရာသီချိန်အတွင်း ကြံတစ်တန်လျှင် ကျပ် ၅၀၀၀၀၊ ၂၀၁၆-၁၇ ခုနှစ်တွင် ကျပ် ၄၅၀၀၀၊ ၂၀၁၇-၁၈ ခုနှစ်တွင် ကျပ် ၄၁၅၀၀၊ ၂၀၁၈-၁၉ ခုနှစ်တွင် ၃၈၀၀၀ ကျပ်မှ ၄၀၀၀၀ ကျပ် အသီးသီးဈေးရရှိခဲ့ကြောင်းသိရသည်။

**Source:** https://www.facebook.com/SFJWeekly/posts/2876640390089896?__tn__=K-R

## နိုင်ငံရေးအခြေအနေများကြောင့် ပြည်တွင်းစီးပွားရေး ကျပ်တည်းမည်ကို လုပ်ငန်းရှင်များစိုးရိမ်



လတ်တလော နိုင်ငံရေးအခြေအနေဖြစ်စဉ်များကြောင့် ပြည်တွင်းစီးပွားရေးကျပ်တည်းလာမည်ကို လုပ်ငန်းရှင်များစိုးရိမ်မှုမြင့်တက်နေကြောင်း ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင် ဒေါက်တာစိုးထွန်းက ဒီဇင်ဘာ ၁၇ ရက်တွင် မြန်မာတိုင်းမ်နေ့စဉ်သို့ပြောသည်။ "ကျွန်တော်တို့ လတ်တလော စိုးရိမ်ရတာက အီးယူက GSP အထူးအခွင့်အရေးပေးထားတာရှိတယ်။ အဲဒါတွေကို ပြန်ရုပ်သိမ်းမလား။ မသိမ်းဘူးလားဆိုတာ စိုးရိမ်တယ်။ ရုပ်သိမ်းမယ်လို့ ကြားနေရတယ်။ ရုပ်သိမ်းမယ် ဆိုရင်တော့ ကျပ်တည်းလာနိုင်တာပေါ့" ဟု ၎င်းကပြောသည်။ ရခိုင်ပြည်နယ် ဘူးသီးတောင်နှင့်မောင်တောဒေသများအတွင်း ၂၀၁၇ ခုနှစ်က ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်ခံရမှု နောက်ဆက်တွဲအနေဖြင့်လူ့အခွင့်အရေးချိုးဖောက်မှုများနှင့်ပတ်သက်၍ မြန်မာအစိုးရကို OIC အဖွဲ့ဝင်ဂမ်ဘီယာနိုင်ငံက အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ)တွင် အမှုဖွင့်ထားသည့်ကာလလည်း ဖြစ်သည်။

နောက်ဆက်တွဲ အနေဖြင့်နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကို အဟန့်အတားဖြစ်စေသည့်အပြင် ပြည်တွင်းစီးပွားရေး အကျပ်အတည်းများစွာဖြစ်လာမည်ကို လုပ်ငန်းရှင်များက စိုးရိမ် မှုပြင်းထန်လျက်ရှိနေသည်။ "ရေထွက်ကုန်၊ အထည်ချုပ်မှာ GSPအခွင့်အရေးရတယ်။ GSP ရုပ်သိမ်းမယ်ဆိုရင် အထိုက်အလျောက်ထိခိုက်လာနိုင်တယ်။ ဒုတိယအချက်ကတော့ လက်ရှိနိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုကျဆင်းလာနိုင်တယ်။ ဂမ်ဘီယာရဲ့ တရားစွဲဆိုမှုအပေါ်မူတည်ပြီး လက်ရှိ အနေအထားမှာတော့ လူတွေကပိတ်ဆို့မှုတွေကို စိုးရိမ်နေကြတယ်။ ရင်းနှီးမြှုပ်နှံမယ့်သူတွေကလည်း စိုးရိမ်နေတယ်။ ခရီးသွား လုပ်ငန်းတွေကို အများကြီး ထိခိုက်နိုင်တယ်။ ကြိုတင်ပြင်ဆင်မှုကတော့ ဈေးကွက်အသစ်တွေရှာဖွေဖို့လိုတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

၂၀၁၈ ခုနှစ် ဒီဇင်ဘာကလည်း အီးယူကုန်သွယ်မှုအခွင့်အရေး စိစစ်လေ့လာရေးအဖွဲ့က မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပေးအပ်ထားသော GSPကို ရုပ်သိမ်းရေးအတွက် ပြန်လည်သုံးသပ်နိုင်ရန် လာရောက်ခဲ့ကြသည်။ အီးယူသည် ၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံကို GSP အခွင့်အရေး ပြန်လည် ပေးအပ်ခဲ့ပြီး ဥရောပသမဂ္ဂ၏ ဈေးကွက်အတွင်းသို့ တင်ပို့လာသည့် မြန်မာထုတ်ကုန်များ အထူးသဖြင့် အထည်ချုပ်နှင့်စားသုံးကုန်များကို ကုန်သွယ်ခွန် ကင်းလွတ်ခွင့် ပေးအပ်ခဲ့ခြင်းဖြစ်သည်။

**Source:** https://myanmar.mmtimes.com/news/132557.html

## အိန္ဒိယ၏ မူဝါဒ မတည်ငြိမ်မှုကြောင့် ပြည်တွင်းပဲဈေးကွက် မတည်ငြိမ်



အိန္ဒိယ၏ မူဝါဒမတည်ငြိမ်မှုကြောင့် ပြည်တွင်းပဲဈေးကွက် အတက်အကျများနေပြီး တည်ငြိမ်မှုမရှိကြောင်း မြန်မာနိုင်ငံ ပဲမျိုးစုံ နှင့် နှမ်းကုန်သည်များအသင်းမှသိရသည်။ "အိန္ဒိယရဲ့မူဝါဒ မတည်ငြိမ်မှုတွေကြောင့် အခုရက်တွေမှာ ပဲဈေးက တက်လိုက်ကျလိုက်ပဲ။ မတ်ပဲက ၁၃ သိန်း ကျော်လောက်ထိ တက်ပြီးခါမှ ကျပ် ၉၆၀၀၀၀ လောက်အထိ အနိမ့်ဆုံး ပြန်ကျခဲ့တယ်။ ပြီးတော့ ကျပ် ၁၁၅၀၀၀၀ လောက်အထိ ပြန်တက်တယ်။ အခုရက်မှာ တစ်ခါ ကျပ် ၁၀၉၀၀၀၀ လောက် ပြန်ဖြစ်တယ်။ ဈေးမတည်ငြိမ်ဘူး။ တက်လိုက်ကျလိုက်ပါပဲ"ဟု မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း အတွင်းရေးမှူး ဦးမင်းကိုဦးက ပြောသည်။

မြန်မာနိုင်ငံအနေဖြင့် မတ်ပဲနှင့် ပဲစင်းငုံအား အိန္ဒိယနိုင်ငံသို့ အဓိကတင်ပို့ရောင်းချနေခြင်းဖြစ်ပြီး အိန္ဒိယအစိုးရ၏ ၂၀၁၇ ခုနှစ် ဩဂုတ်လမှ စတင်ကာ ပြည်ပမှပဲတင်သွင်းခွင့်ကန့်သတ်မှုကြောင့် အိန္ဒိယဈေးကွက်ကို အဓိက အားထားနေရသည့် မြန်မာ့ပဲစိုက် အမျိုးသားတောင်သူများနှင့် ပဲကုန်သည်များများစွာ အခက်တွေ့ခဲ့ရသည်။ "ပြီးခဲ့တဲ့ရက်တွေက နောက်ထပ် ခွဲတမ်းအနေနဲ့ ပဲတန်ချိန် တစ်သိန်းခွဲ၊ နှစ်သိန်းခွဲစသည်ဖြင့် ထပ်ယူမယ်။ ခွဲတမ်းသတ်မှတ်မယ်တို့ဆိုပြီး သတင်းတွေ ထွက်တယ်။ အဲဒီသတင်းတွေ ထွက်တဲ့ရက်တွေမှာ ပြည်တွင်း ပဲဈေးတွေ တောက်လျှောက်တက်တယ်။ ဒါပေမဲ့ ဒီနေ့အထိ တိကျတဲ့ အဖြေမထွက်လာတဲ့အတွက် ဈေးပြန်ကျပြန်တယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

ယခုနှစ် ဖေဖော်ဝါရီအတွင်းက အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ကျင်းပခဲ့သည့် 4th ASEAN India Expo and Summit ၌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့က ပဲတင်ပို့ရေးကိစ္စနှင့်ပတ်သက်ပြီး မြန်မာ–အိန္ဒိယနှစ်နိုင်ငံ အစိုးရချင်းဆောင်ရွက်ရန် ကမ်းလှမ်းခဲ့သော်လည်း ယနေ့အထိ အိန္ဒိယဘက်မှ အကြောင်းမပြန်သေးကြောင်း သိရသည်။

**Source:** https://myanmar.mmtimes.com/news/132583.html

## အိန္ဒိယကုမ္ပဏီတစ်ခုက မြန်မာမှပြောင်းစေ့တန်ချိန်လေးသောင်းဝယ်ယူရန်ညှိနှိုင်း



အိန္ဒိယအခြေစိုက် ကုမ္ပဏီတစ်ခုက ပြောင်းစေ့တန်ချိန်လေးသောင်းဝယ်ယူရန် လာရောက်ညှိနှိုင်းနေကြောင်း လားရှိုးလက်ကားကုန်စည်ဒိုင်ရုံးတာဝန်ရှိသူ မတူးက ပြောသည်။ ပြောင်းစေ့ဝယ်ယူရန် ပြည် တွင်းကုမ္ပဏီများဖြစ်သည့် နန်းစိုးစံနှင့် BFL Group တို့က Sri Sivahari Trading ကုမ္ပဏီကို ကမ်းလှမ်းခြင်းဖြစ်သည်။ “တစ်ပိဿာဈေးကို အရင်ဖြတ်နေတယ်။ ပြည်တွင်းမှာတော့ တစ်ပိဿာကျပ် ၃၂၀ ပေါက်နေတယ်။ ဒါပေမဲ့ နိုင်ငံတကာဈေးနဲ့ ယှဉ်ပြီး တစ်ပိဿာကျပ် ၃၆၀ လောက်ပေးဖို့ တောင်းဆိုနေ တယ်” ဟု မတူးကပြောသည်။ အိန္ဒိယကုမ္ပဏီက ပထမအဆင့်အနေဖြင့် လားရှိုးလက်ကား ကုန်စည်ဒိုင်မှ ပြောင်းတန်ချိန် ၅,၀၀၀ ကို ဝယ်ယူရန်မူအားဖြင့် သဘောတူညီမှုရရှိထားသည်။

နောက်ထပ်ဝယ်ယူမည့် ပြောင်းစေ့တန်ချိန်ကို ရှမ်းပြည်နယ်မြောက်ပိုင်း အခြေစိုက်ပြောင်းကုန်သည်များနှင့် အဆိုပါ ကုမ္ပဏီတို့တွေ့ဆုံဆွေးနွေးမည်ဟု လားရှိုးကုန်စည်လက်ကား ကုန်စည်ဒိုင်ရုံးက ထုတ်ပြန်သည်။ ယင်းသို့ပြောင်းစေ့တန်ချိန် သောင်းနှင့်ချီဝယ်ယူမည့်သတင်းကြောင့် ဈေးကွက်တွင် တစ်ပိဿာကျပ် ၃၂၀ မှ ၃၃၀ သို့ ဈေးတက်ခဲ့သည်။ ၂၀၁၈–၁၉ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံ၏ ပြောင်းစေ့ထွက်ရှိသည့် တန်ချိန်သန်းပေါင်း ၂ ဒသမ ၂၅၀ ခန့်ရှိပြီး မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ အများဆုံးတင်ပို့နေကြောင်း စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန စာရင်းများ၌ ဖော်ပြသည်။ လွန်ခဲ့သည့်ဘဏ္ဍာနှစ်လေးခုတွင် ပြောင်းစေ့တန်ချိန် ၃ ဒသမ ၇ သန်းခန့်တင်ပို့ပြီး ကန်ဒေါ်လာ တစ်ဘီလီယံကျော်ရရှိခဲ့သည်။

**Source:** https://7day.news/–173821

## ပြည်ပသို့ ဆန်နှင့် ဆန်ကွဲတင်ပို့မှုမှ နှစ်လအတွင်း ဝင်ငွေဒေါ်လာ ၁၇၇ သန်းကျော်ရ



၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၏နှစ်လအတွင်း ပြည်ပသို့ဆန်နှင့် ဆန်ကွဲ တန်ချိန်ခြောက်သိန်းကျော် တင်ပို့ထားပြီးဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ဒီဇင်ဘာ ၁၇ ရက်ထုတ်ပြန်သည့် ကုန်သွယ်မှုဆိုင်ရာ စာရင်းဇယားများအရသိရသည်။ ယခုဘဏ္ဍာနှစ်စဖြစ်သည့် အောက်တိုဘာ ၁ ရက်မှ နိုဝင်ဘာ ၂၉ ရက် အထိ နှစ်လအတွင်း ဆန်တန်ချိန် ၄၂၈၉၁၀ ဒသမ ၆၉၄ တန်တင်ပို့နိုင်ခဲ့ပြီး ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၂၈ ဒသမ ၇၂၅ သန်းရရှိခဲ့ကာ ဆန်ကွဲတန်ချိန် ၁၈၆၆၈၁ ဒသမ ၇၅၀ တန် တင်ပို့နိုင်ခဲ့ပြီး ဝင်ငွေ အမေရိကန်ဒေါ်လာ ၄၈ ဒသမ ၄၁၃ သန်းရရှိခဲ့သည်။ ဆန်နှင့်ဆန်ကွဲတင်ပို့မှုတွင် နယ်စပ် ပို့ကုန်သွယ်ရေးလမ်းကြောင်းမှ ၉၆၂၄ တန်၊ ပင်လယ်ရေကြောင်းမှ ၅၁၉၃၆၈ ဒသမ ၄၄၄ တန် စုစုပေါင်း ၆၁၅၅၉၂ ဒသမ ၄၄၄ တန် တင်ပို့နိုင်ခဲ့ခြင်းဖြစ်ပြီး၊ စုစုပေါင်းဝင်ငွေ အမေရိကန်ဒေါ်လာ ၁၇၇ ဒသမ ၁၃၈ သန်း ရရှိခဲ့သည်။

ဆန်ကို နိုင်ငံပေါင်း ၄၁ နိုင်ငံသို့ တင်ပို့ရောင်းချခဲ့ခြင်းဖြစ်ပြီး ဆန်ကွဲကို နိုင်ငံပေါင်း ၃၈ နိုင်ငံသို့ တင်ပို့ရောင်းချခဲ့သည်။ တရုတ်နိုင်ငံအပါအဝင် နိုင်ငံငါးနိုင်ငံသို့ အများဆုံးရောင်းချခဲ့ခြင်းဖြစ်ပြီး ဆန်၊ ဆန်ကွဲကို အင်ဒိုနီးရှားနှင့် ဘယ်လ်ဂျီယံနိုင်ငံ အပါအဝင် ငါးနိုင်ငံသို့ အများဆုံးရောင်းချနိုင်ခဲ့သည်။

**Source:** https://myanmar.mmtimes.com/news/132584.html

## ကမ္ဘာကျော် ထိုင်းဆန်မွှေး ယခင်လောက် မသင်းပျံ့တော့ပြီလား



ကမ္ဘာ့အကောင်းဆုံး ဆန်မွှေးအဖြစ် ထိုင်းဟွန်မာလီဆန် (စံပယ်ဆန်) ရွေးချယ်မခံရသည်မှာ နှစ်နှစ်ဆက်ဖြစ်လာပြီးနောက် ထိုင်းနိုင်ငံအနေဖြင့် ပြောင်းလဲလာသည့် ကမ္ဘာ့ဝယ်လိုအားနှင့်အညီ ထိုင်းဆန်မွှေးကိုမြှင့်တင်ရန် သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများ မဖြစ်မနေလုပ်ဆောင်ရန်လိုလာသည်။ ယခုအခါ ထိုင်းနိုင်ငံသည် တစ်ချိန်က ကမ္ဘာ့အကောင်းဆုံးဆန်အဖြစ် ငါးနှစ်ဆက်တိုက် ရွေးချယ်ခံခဲ့ရသော ဟွန်မာလီဆန်မျိုးများကို အဆင့်မြှင့်တင်ရန်အာရုံစိုက်လာရသည်။

ယခင်နှစ်က ဟွန်မာလီဆန်ကို ကမ္ဘောဒီးယားဆန်မွှေးက ကျော်ဖြတ်ခဲ့သလို ယခုနှစ်တွင်လည်း ဗီယက်နမ် ST25 ဆန်မျိုးက ကမ္ဘာ့အကောင်းဆုံးဆု ရယူခဲ့ပြန်သည်။ ယခုအချိန်မှာ အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်း၍ ကမ္ဘာ့ဈေးကွက်၏ အာသီသနှင့်အညီ ထိုင်းဆန်မွှေး၏ အရည်အသွေးမြှင့်တင်ရေး ပို၍ အလေးအနက်ထား ဆောင်ရွက်သင့်ကြောင်း ထိုင်းဆန်ပို့ကုန်လုပ်ငန်းရှင်များအသင်း၏ ဥက္ကဋ္ဌ Charoen Laothamatas က ပြောသည်။ လက်ရှိအခြေအနေသည် လွန်ခဲ့သောဆယ်စုနှစ် နှစ်ခုအကြားနှင့် ခြားနားလျက်ရှိပြီး ထိုစဉ်ကမူ ထိုင်းသည် ကမ္ဘာ့ထိပ်သီးဆန်တင်ပို့နိုင်ငံဖြစ်သည်နှင့်အညီ ထုတ်လုပ်သမျှ မည်သည့်ဆန်ကိုမဆို ရောင်းချနိုင်ခဲ့ကြောင်း ၎င်းကပြောသည်။ “ပိုကောင်းတဲ့ ဟွန်မာလီဆန်မျိုးတွေရအောင် သုတေသနလုပ်ငန်းတွေ ထိထိရောက်ရောက် ဆောင်ရွက်ခြင်းမရှိတာကြောင့် ထိုင်းဆန်အရည်အသွေး ဂုဏ်သတင်း ထိခိုက် လာရပါတယ်”ဟု ၎င်းကပြောသည်။

ထိုင်းဘတ်ငွေ အားကောင်းမှုကလည်း ဆန်တင်ပို့မှုလုပ်ငန်းကို ပို၍ဆိုးရွားစေပြီး ထိုင်းဆန်ဈေးမှာ တစ်တန်လျှင် ကန်ဒေါ်လာ ၁၁၀၀ အထိ ရောက်ကာ ပြိုင်ဘက်နိုင်ငံများထက် ကြီးမြင့်နေသည်ဟု ၎င်းကပြောကြောင်း ဘန်ကောက်ပို့စ်သတင်းဌာနကရေးသားသည်။အကျိုးဆက်အနေဖြင့် ဗီယက်နမ်မှာ ကမ္ဘာ့ဆန်ဈေးကွက် ဝေစုများပိုမိုရရှိလာပြီး ထိုင်းဆန်

ဈေးထက် ထက်ဝက်လျော့သောနှုန်းဖြင့် ရောင်းချလျက်ရှိသည်။ ဗီယက်နမ်သည် ဆန်အရည်အသွေးနှင့်အထွက်နှုန်း ကောင်းမွန်စေရန် သုတေသနလုပ်ငန်းများအစဉ်တစိုက် လုပ်ဆောင်ခဲ့သဖြင့် ယခင်နှစ် ဆန်အရည်အသွေး ပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သည်။ ထိုင်းနိုင်ငံမှာ ယခင်မျိုးဟောင်းများဖြစ်သော ထိုင်ဟွန်မာလီဆန်နှင့် ပါသမ်ထာနီ ၁ ဆန်မျိုးမှာပင် တန့်နေပြီး ဆန်မျိုးသစ် မထုတ်နိုင်သည်မှာ ကြာမြင့်ခဲ့ပြီဖြစ်ကြောင်း Charoen က ပြောသည်။ ထိုင်းဆန်စပါးအထွက်နှုန်းမှာ သုည ဒသမ ၁၆ ဟက်တာလျှင် ကီလိုဂရမ် ၄၇၀ သာရှိပြီး၊ ဗီယက်နမ်၏အထွက်နှုန်း ကီလိုဂရမ် ၁၀၀၀ နှင့်ယှဉ်လျှင် များစွာနိမ့်ကျနေသည်။ ကမ္ဘာ့ဈေးကွက်ရှိ ဆန်ဝယ်လက်များသည်ဆန်သားနူးညံ့သည့်ဆန်ကို ရှာဖွေလာချိန်တွင် ထိုင်းဆန်မှာ ယခင်နှစ်များစွာက အတိုင်း ဆန်သား ကြမ်းမြဲကြမ်းနေသေးသည်။ ဆန်သားနူးညံ့သည့် စပါးမျိုးများကို ထုတ်လုပ်ခဲ့သော်လည်း တောင်သူများအကြား ပျံ့နှံ့အောင် ဆောင်ရွက်မှုအပိုင်းတွင် တုံ့နှေးပြီး အောင်မြင်မှုနှင့် အလှမ်းကွာနေသေးသည်။ ထိုအချက်ကြောင့် ထိုင်းဆန်ပို့ကုန်သမားများမှာ ဆန်သားနူးညံ့သည့် အမျိုးအစားဝယ်လက်များထံ ဖြည့်ဆည်းရောင်းချနိုင်ခြင်းမရှိဖြစ်နေကြသည်။ "ဒီပြဿနာကို ဖြေရှင်းဖို့ မလုပ်ဆောင်ဘူးဆိုရင် ထိုင်းဟွန်မာလီဆန်ဟာ အတိတ်က အောင်မြင်မှုတစ်ခု အနေနဲ့ ကျန်နေရစ်တော့မှာပါ"ဟု Charoen က ပြောသည်။

စားသုံးသူများက ဈေးပိုသက်သာသည့် အခြားနိုင်ငံဆန်များကို အရသာတွေ့သွားခဲ့ပါက ထိုင်းအနေဖြင့် ယခင်နေရာကောင်းကိုပြန်လည်ရယူရေး ပို၍ခက်ခဲလာလိမ့်မည်ဟု ၎င်းကပြောသည်။ ထိုင်းနိုင်ငံဖွံ့ဖြိုးရေး သုတေသနအဖွဲ့က အသင်းဝင် NiponPoapongsakorn က ထိုင်ဆန်ဈေး ကျဆင်းလာစေမည့် နည်းလမ်းတစ်ခုမှာ စပါးအထွက်နှုန်း မြှင့်တင်ခြင်းဖြင့် စိုက်ပျိုးစရိတ်ကိုလျှော့ချရန်ဖြစ်ကြောင်း ပြောသည်။ ရာသီချိန်မဟုတ်ဘဲ စိုက်ပျိုးသော စပါး၏အထွက်နှုန်းကို သုည ဒသမ ၁၆ ဟက်တာလျှင်ကီလိုဂရမ် ၁၀၀၀ အထိ မြှင့်တင်ရန် လိုအပ်နေကြောင်း၊ တရုတ်နိုင်ငံတွင် အလားတူစပါးကို သုည ဒသမ ၁၆ ဟက်တာလျှင် ကီလိုဂရမ် ၂၀၀၀ အထိထွက်ရှိနေကြောင်း ၎င်းကဆက်ပြောသည်။ ထိုင်းနိုင်ငံ၌ စပါးမျိုးသစ်များ ပေါ်ထွက်မလာခြင်းမှာ နိုင်ငံရေးသမားများက တောင်သူထောက်ခံမှုရရှိစေရေးအတွက် ဈေးနှုန်းအာမခံပေးအပ်မှုကို အလေးပေးလာခြင်းကြောင့်ဖြစ်ကြောင်းCharoen ကပြောသည်။ လက်ရှိချပေးထားသော သုတေသနဘတ်ဂျက်ငွေ ဘတ်သန်း ၂၀၀-၃၀၀ မှာ ပါရမီရှိသော သုတေသနသမားများကို ဆွဲဆောင်ရန် မလုံလောက်ကြောင်း Nipon က ပြောသည်။ "ထိုင်းရဲ့ ပြိုင်ဘက်နိုင်ငံတွေဟာ ဆန်စပါးသုတေသနလုပ်ငန်းမှာ ငွေကြေးပိုမိုမြှုပ်နှံနေကြပါတယ်"ဟု ၎င်းကပြောသည်။ ယခုနှစ် ဩဂုတ်လစာရင်းအရ ထိုင်းနိုင်ငံသည် ကမ္ဘာ့ဆန်တင်ပို့မှု ဒုတိယအများဆုံးအဖြစ် အိန္ဒိယနောက်တွင် ရပ်တည်နေပြီး အခြား အရှေ့တောင်အာရှနိုင်ငံများထက်မူ များစွာသာလွန်နေသည်။

**Source: မြန်မာတောင်သူကြီးများ ဂျာနယ်,** http://htwettoe.com/article-details/news/8449490

## အိန္ဒိယ၏ မူဝါဒ မတည်ငြိမ်မှုကြောင့် ပြည်တွင်းပဲဈေးကွက် မတည်ငြိမ်

အိန္ဒိယ၏ မူဝါဒမတည်ငြိမ်မှုကြောင့် ပြည်တွင်းပဲဈေးကွက် အတက်အကျများနေပြီး တည်ငြိမ်မှုမရှိကြောင်း မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းမှသိရသည်။ "အိန္ဒိယရဲ့မူဝါဒ မတည်ငြိမ်မှုတွေကြောင့် အခုရက်တွေမှာ ပဲဈေးက တက်လိုက်ကျလိုက်ပဲ။ မတ်ပဲက ၁၃ သိန်းကျော်လောက်ထိ တက်ပြီးခါမှ ကျပ် ၉၆၀,၀၀၀ လောက်အထိအနိမ့်ဆုံး ပြန်ကျခဲ့တယ်။ ပြီးတော့ ကျပ် ၁၁၅၀၀၀၀ လောက်အထိ ပြန်တက်တယ်။ အခုရက်မှာ တစ်ခါ ကျပ် ၁၀၈၀၀၀၀ လောက် ပြန်ဖြစ်တယ်။ ဈေးမတည်ငြိမ်ဘူး။ တက်လိုက်ကျလိုက်ပါပဲ"ဟု မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း အတွင်းရေးမှူး ဦးမင်းကိုဦးကပြောသည်။

မြန်မာနိုင်ငံအနေဖြင့် မတ်ပဲနှင့် ပဲစင်းငုံအား အိန္ဒိယနိုင်ငံသို့ အဓိကတင်ပို့ရောင်းချနေခြင်းဖြစ်ပြီး အိန္ဒိယအစိုးရ၏ ၂၀၁၇ ခုနှစ် ဩဂုတ်လမှစတင်ကာ ပြည်ပမှပဲတင်သွင်းခွင့်ကန့်သတ်မှုကြောင့် အိန္ဒိယဈေးကွက်ကို အဓိကအားထားနေရသည့် မြန်မာ့ပဲစိုက် အမျိုးသားတောင်သူများနှင့် ပဲကုန်သည်များများစွာအခက်တွေ့ခဲ့ရသည်။ "ပြီးခဲ့တဲ့ရက်တွေက နောက်ထပ် ခွဲတမ်းအနေနဲ့ ပဲတန်ချိန် တစ်သိန်းခွဲ၊ နှစ်သိန်းခွဲစသည်ဖြင့်ထပ်ယူမယ်။ ခွဲတမ်းသတ်မှတ်မယ်တို့ဆိုပြီး သတင်းတွေထွက်တယ်။ အဲဒီသတင်းတွေ ထွက်တဲ့ရက်တွေမှာ ပြည်တွင်းပဲဈေးတွေ တောက်လျှောက်တက်တယ်။ ဒါပေမဲ့ ဒီနေ့အထိ တိကျတဲ့ အဖြေမထွက်လာတဲ့အတွက် ဈေးပြန်ကျပြန်တယ်"ဟု ၎င်းကဆက်လက်ပြောသည်။

ယခုနှစ် ဖေဖော်ဝါရီအတွင်းက အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ကျင်းပခဲ့သည့် 4th ASEAN India Expo and Summit ၌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့က ပဲတင်ပို့ရေးကိစ္စနှင့်ပတ်သက်ပြီး မြန်မာ-အိန္ဒိယနှစ်နိုင်ငံ အစိုးရချင်းဆောင်ရွက်ရန် ကမ်းလှမ်းခဲ့သော်လည်း ယနေ့အထိ အိန္ဒိယဘက်မှ အကြောင်းမပြန်သေးကြောင်း သိရသည်။

**Source:** https://myanmar.mmtimes.com/news/132583.html

## မြန်မာ့ထောပတ်သီးကို တရုတ်ကိုတရားဝင်တင်ပို့ရောင်းချနိုင်ရန်တောင်းဆိုခဲ့



မြန်မာ့ထောပတ်သီးကို တရုတ်နိုင်ငံဈေးကွက်ကို တရားဝင်တင်ပို့ရောင်းချနိုင်ရန်အတွက် ဒုတိယသမ္မတ(၁)နဲ့ လုပ်ငန်းရှင်များတွေ့ဆုံဆွေးနွေးပွဲမှာ တောင်းဆိုခဲ့ကြောင်း မြန်မာနိုင်ငံသစ်သီးဝလံပန်းမာန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း(ပြင်ဦးလွင်)မှ သိရပါတယ်။ တရုတ်ဘက်မှ ထုတ်လုပ်ထားတဲ့ စည်းကမ်းသတ်မှတ်ချက်တွေနဲ့အညီ စိုက်ပျိုးထုတ်လုပ်ပြီး တရားဝင်တင်ပို့ရောင်းချနိုင်ဖို့အတွက် ဒီဇင်ဘာလ (၈)ရက်နေ့တွေ့ဆုံပွဲမှာ တောင်းဆိုခဲ့တယ်လို့ မြန်မာနိုင်ငံသစ်သီးဝလံပန်းမာန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း (ပြင်ဦးလွင်)မှ ဥက္ကဋ္ဌ ဦးမျိုးညွန့်ကပြောပါတယ်။

ထောပတ်သီးကိုလည်း တရားဝင်ရောင်းချပေးနိုင်ဖို့အတွက် တောင်းဆိုခဲ့ပါတယ်။ သူတို့ဘက်ကထုတ်ထားတဲ့ စည်းကမ်းသတ်မှတ်ချက်တွေနဲ့ညီအောင်လို့ စိုက်ပျိုးထုတ်လုပ်ဖို့ လိုအပ်ပါသေးတယ်ဗျ။ သူတို့ဆီမှာမရှိတဲ့ ပိုးမွှားတွေရှိခဲ့ရင် တင်သွင်းခွင့်မပြုဘူးအခုလက်ရှိအချိန်မှာ ထောပတ်သီးကို ထိုင်းနိုင်ငံကို နယ်စပ်ကနေမှတစ်ဆင့် တင်ပို့နေသော်လည်း ဈေးနှုန်းရရှိမှုနည်းပါးလျက်ရှိကြောင်းလည်းသိရပါတယ်။ လာမယ့်နှစ်မှာ မြန်မာ့ထောပတ်သီးကို တရုတ်ပြည်ကိုတင်ပို့နိုင်ရန်အတွက် တရုတ်နိုင်ငံနဲ့ ဆွေးနွေးညှိနှိုင်းပေးဖို့အတွက် တောင်းဆိုခဲ့တာဖြစ်ကြောင်း နိုင်ငံတော်ဒုတိယသမ္မတ (၁) နှင့် ပုဂ္ဂလိကကဏ္ဍကိုယ်စားလှယ်များ ပုံမှန်တွေ့ဆုံဆွေးနွေးပွဲ (၃၁) ကြိမ်မြောက်အစည်းအဝေးသတင်းထုတ်ပြန်ချက်အရသိရပါတယ်။

**Source:** https://greenwaymyanmar.com/posts/request_to_export_avogado_to_china

## အထည်ဈေးကွက် ငြိမ်နေသော်လည်း ကိုရီးယားနိုင်ငံထုတ်အထည်များ ဈေးကွက်ရနေဟုဆို

အထည်ဈေးကွက် ငြိမ်နေသော်လည်းကိုရီးယားနိုင်ငံထုတ်အထည်များဈေးကွက်ရနေပြီး ပွင့်လင်းရာသီဖြစ်၍ ပွဲတက်ထည်များ ရောင်းအားကောင်းနေကြောင်းသိရသည်။ လက်ရှိအထည်အလိပ် ဈေးကွက်တွင်တရုတ်နိုင်ငံက ဝင်ရောက်လာသည့် အထည်လိပ်ဈေးနှုန်းကို ယှဉ်ပြိုင်ရောင်းချရသောကြောင့် ခက်ခဲမှုများလည်းရှိနေသော်လည်း အရည်အသွေးကောင်းသော ကိုရီးယားပိုးထည်များကို ရွေးချယ်ဝယ်ယူမှုများနေကြောင်းလည်းသိရသည်။ "အထည်ဈေးကွက်က အရင်နှစ်တွေထက်ငြိမ်တယ်။ ပြည်ပကဆိုရင်နိုင်ငံအသီးသီးကအထည်တွေတင် သွင်းတယ်ဖာတွေဆိုရင် ကိုရီးယားက အဓိကတင်သွင်းတယ်၊ ကိုရီးယားကအထည်တွေကရောင်းအားကောင်းပါတယ်၊ အထည်အလိပ်ဖာတွေကတော့ အမြဲပေါ်ပြူလာဖြစ်နေတယ်"ဟု Sayarma Lumtaya Acheik & febric ပိုင်ရှင် မမြတ်စံပိုင်ကပြောသည်။

ကိုရီးယား ပိုးထည်များမှာဒီဇိုင်းအပေါ်မူတည်၍ ငွေကျပ်သုံးသောင်းမှ ကျပ်သိန်းဂဏန်းထိရှိပြီး မြန်မာပိုးထည်များမှာ အနည်းဆုံးငွေကျပ် ထောင်ဂဏန်းကနေအများဆုံး သိန်းဆယ်ဂဏန်းထိရှိကြောင်းသိရသည်။ ပြည်တွင်းထုတ်လုပ်သည့် လက်ယက်ကန်းထည်များထဲတွင် ပိုးထည်များလက်ယက်ကန်းထည်များ ပိုးစစ်လွန်းရာကျော်ချိတ်၊ ပိုးတွဲလွန်း ရာကျော်ချိတ်၊အင်းလေးဇင်းမယ်ထည်များအရောင်းသွက်လျက်ရှိနေကြောင်းလည်းသိရသည်။

Source: https://www.facebook.com/pyimyanmarnews/posts/2034529566582825

## မွေးမြူရေးနှင့်ငါးလုပ်ငန်းကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရန် လာရောက်ဆွေးနွေးမှုများရှိနေ

ဂျပန်နိုင်ငံနှင့် ကိုရီးယားနိုင်ငံတို့မှ မွေးမြူရေးနှင့်ငါးလုပ်ငန်းကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန်အတွက် လာရောက်ဆွေးနွေးလျက်ရှိကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်က ပြောသည်။ ရန်ကုန်မြို့ရှိ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် ဒီဇင်ဘာ ၁၇ ရက်က ကျင်းပပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်ကပြောကြားခဲ့ခြင်းဖြစ်သည်။ "အခုကတော့ မွေးမြူရေးကဏ္ဍနဲ့ ပတ်သက်ပြီး ရန်ကုန်တိုင်းမှာ ရင်းနှီးမြှုပ်နှံဖို့ လာဆွေးနွေးတာဖြစ်ပါတယ်။ မွေးမြူမှာက ငါးတို့၊ နို့နဲ့နို့ထွက်ပစ္စည်းတို့ ဒါတွေ မွေးမြူဖို့အတွက် ကျွန်တော်တို့ကို လာဆွေးနွေးတာဖြစ်ပါတယ်။" ဟု ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်ကပြောသည်။

မွေးမြူရေးနှင့် ငါးလုပ်ငန်းကဏ္ဍတွင် ၁၉၈၈-၁၉၈၉ ဘဏ္ဍာနှစ်မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် နိုဝင်ဘာလအထိ နိုင်ငံပေါင်း ၁၄ နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပေါင်း ၅၀ ခု ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၅၁၄ ဒသမ ၉၃၆ သန်း ဝင်ရောက်ရင်းနှီးမြှုပ်နှံထားကြောင်းသိရသည်။ "သူတို့ ဆွေးနွေးတာကတော့ ဘယ်လို ခံစားခွင့်တွေရမလဲ၊ သူတို့လိုအပ်တဲ့ပစ္စည်းတွေကို တင်သွင်းလို့ရမလား။ သူတို့ရဲ့ ရင်းနှီးမှုပ်နှံမှုကို နိုင်ငံတော်က ဘယ်လိုအကာအကွယ်ပေးမလဲစတဲ့ ဥပဒေဆိုင်ရာအချက်အလက်တွေကိုသိချင်လို့ လာဆွေးနွေးတာဖြစ်ပါတယ်။ ကျွန်တော်တို့က မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအရ ပေးထားချက်တွေကို ဆွေးနွေးလိုက်တာဖြစ်တယ်။" ဟု ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်ကပြောသည်။ လက်ရှိမြန်မာနိုင်ငံ၏ မွေးမြူရေးနှင့် ငါးလုပ်ငန်းကဏ္ဍတွင် နိုင်ငံပေါင်း ၁၄ နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ထားပြီး၊ ယင်းနိုင်ငံများမှာ စင်္ကာပူ၊ တရုတ်၊ ဟောင်ကောင်၊ ထိုင်း၊ ကိုရီးယား၊ United Kingdom၊ ဗီယက်နမ်၊ နယ်သာလန်၊ မလေးရှား၊ ဂျပန်၊ အိန္ဒိယ၊ ဘရူနိုင်း၊ ဩစတြေးလျနှင့်အီတလီနိုင်ငံတို့ဖြစ်သည်။

Source: https://greenwaymyanmar.com/posts/have_to_make_investment_in_Livestock_session? fbclid=IwAR 2oay_ XtwWDVODxAwJ1W0ovNYkI9RsPfoyYVgsCwa4aWxmNtzcVf-Gbod0

## STOCK EXCHANGE (19.12.2019)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 19th Dec. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,500 | +0 | +0.00% | 11,000 | 11,500 | 11,000 | 674 | 7,681,000 | 27,112,747 | 311,797 |
| MTSH | 00002 | 3,800 | +0 | +0.00% | 3,800 | 3,800 | 3,800 | 1,196 | 4,544,800 | 38,929,150 | 147,931 |
| MCB | 00003 | 8,100 | -200 | -2.41% | 8,400 | 8,400 | 8,100 | 112 | 910,800 | 10,400,986 | 84,248 |
| FPB | 00004 | 23,000 | +500 | +2.22% | 23,000 | 23,000 | 23,000 | 1,463 | 33,649,000 | 2,472,053 | 56,857 |
| TMH | 00005 | 2,900 | +0 | +0.00% | 2,900 | 2,900 | 2,900 | 13 | 37,700 | 12,823,224 | 37,187 |

## Market summary

As of 19th Dec. 2019

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 465.94 | -0.62 | -0.13% | 458.32 | 465.94 | 456.04 | 3,458 | 46,823,300 | 5 | 638,020 |

### Index chart




# Market Overview

As of 1:00 pm, 19th Dec. 2019

| MYANPIX | 465.94 ▼0.62 |
|---|---|
| Total Volume (shares) | 3,458 |
| Total Value (MMK) | 47 mil |
| Listed Company | 5 |
| Market Cap. (MMK) | 638,020 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,500 | ▲ 0 |
| MTSH | 00002 | 3,800 | ▲ 0 |
| MCB | 00003 | 8,100 | ▼ 200 |
| FPB | 00004 | 23,000 | ▲ 500 |
| TMH | 00005 | 2,900 | ▲ 0 |